(ဂ)

# လသာညကို ခံစားခြင်း

နန္ဒာမိုးကြယ်

## အမှာစာ

အကာလ ညအမှောင်များစွာကို ရင်ဆိုင်တွေ့ကြုံခဲ့ရ၍လားမပြောတတ်။ လရောင်ကို ချစ်မက်သည်မှ လွန်လွန်ကဲကဲ။

လမသာသောညများဆိုပါလျှင်လည်း စိန်မှုန်စိန်စတွေ ကြဲပက်ထားသည့် အလား မဟူရာကောင်းကင်ရှိ ကြယ်စင်တာရာကလေးများကို ကြည့်ငေးလျက် လရောင်ကို မွတ်သိပ်စွာ တမ်းတနေခဲ့တတ်သည်။ ဒါကို လရောင်ချစ်တတ်သူမှ သာလျှင် ခံစား နားလည်တတ်လိမ့်မည်ထင်သည်။

ခုတော့ .... မိမိ မျှော်မောတမ်းတနေသော လရောင်ကို ဖွေးဖွေးလွလွ နွေးမြစွာ တွေ့လိုက်ရပြီကော။

တွေ့မည့်တွေ့တော့လည်း လရောင်က လမင်းတစ်စင်း၏ အရောင်သာ လျှင် မဟုတ်တော့။

ကမ္ဘာမြေပြင်ပေါ်ကို 'သာ'သည့် .....လတစ်စင်း။

သားအပေါ်ကို 'သာ'သည့် .....လတစ်စင်း။

ပြီးတော့ ....

မိခင်အပေါ် တုံ့ပြန်'သာ'သည့် သား၏မျက်နှာ လတစ်စင်း။

သည့်အတွက်....ညသည် သာမန် မည်ကာမတ္တ ည မဟုတ်တော့။ လမင်းသုံးစင်းသာသည့် ည ဖြစ်သွားပါလေသတည်း။

ဒါကို ....

ဆရာ 'ကိုဖေလင်းအောင်'က ထိုသို့နှယ် သူ့ကဗျာစုစည်းမှုအား သန္တရသ လွှမ်းသော အခင်းအကျင်းဖြင့် 'လမင်းသုံးစင်း သာသည့်ည' ကို ဖွင့်လှပ်လိုက်ပါ ပကော။

သူ့ကလောင်ကား အစိမ်းသက်သက်မဟုတ်။ 'မေ့ရတနာ'၊ 'မေ့ရုံသီ' ... အစရှိသော ဘာသာရေးမဂ္ဂဇင်းတို့၌ ကဗျာပွင့်တွေ ဝေဆာပွင့်လန်းစေခဲ့သည့် ထက်မြသော ကလောင်ပေပဲ။ သည်တော့ .... သူ့ကဗျာ အများစုသည် ဗုဒ္ဓ ဘာသာ၏ အဆုံးအမ ဩဝါဒတို့ လွှမ်းခြုံလျက်ရှိမှာသေချာသည်။ မေ့အပေါ် ယုံကြည်သက်ဝင်ခြင်းများစွာဖြင့် ဖြူစင်သန့်ရှင်း အလှတွေ လွှမ်းထုံနေမှာကိုလည်း သံသယဝင်စရာမမြင်။

သူ့ ဘဂဝါ ဂီမာတွေက အနုကဗျာပီသကာ ကြည့်မြနေပါရောလား။

ရာသီဖွဲ့အလှတွေကို သူ ခံစားရတော့ သူ့ကဗျာဓာတ်ခံ နှလုံးသားက မနေနိုင်ရှာ။ သို့ဖြစ်၍လည်း –

တပေါင်းလ
ဆန်းစ ရာသီဦး။
ပင်လက်ပံ ပွင့်ဖူးလို့ရယ်
ဆက်ရက်က မြူး။
ထန်းရူးတဲ့ ရာသီ
ထန်းရည်က ချိုမြမြ။
ထန်းပင်နှင့် လက်ပံ
ဆက်ရက်ပျံ့ မောင်နှံလှတို့
ကူးကြသန်းကြ.....။ ။

ဟူ၍ သဘာဝအလှကို ခံစားပြခဲ့သည်။ သည်အထဲမှာမှ နှစ်လို၍ ချစ်မက်ဖွယ် ကောင်းလှသော ကဗျာလေးတစ်ပုဒ်က ကလေးသဘာဝအပေါ် ချစ်တတ်သူတိုင်း၏ ဘဝင်နှလုံးကို နိုင်မြဲစွာ ထုံးဖွဲ့နှောင်မှာ သေချာသည်။ အပြစ်ကင်း၍ ချစ်ခြင်းအလှကို သူ ဘယ်လိုများ စုတ်ချက်မျှော်သင်းလိုက်ပါသနည်း။

မမလေးက တပြုံးပြုံး
ခရေပန်းကို ကုံး
မောင်လေးရဲ့ စံပယ်ကုံး
ပန်လို့ ကြည့်ပါအုံး(ဦး)။
မောင်လေးက တပြုံးပြုံး
ဆံပင်ရိတ်လို့ ခေါင်းတုံးတုံး
အားကိုးပါတယ် မြတ်ဘုန်းဘုန်း။
သက်န်းဝတ်ပေးအုံး(ဦး).....။ ။

ကဗျာအားလုံးကို လွှမ်းခြုံကြည့်မည်ဆိုလျှင်ဖြင့် တရားမေ့များမှ အနှစ် သာရတို့ကို ထုတ်နုတ်ဖွဲ့သီထားလေသည့်အတွက် ခံစားတတ်လျှင်၊ တရားဓာတ်ခံ ရှိလျှင် အကျိုးများဖွယ်အတိ။ ထိုကဗျာများစွာအနက်မှ 'ပျော်ပွဲလား...'အမည်ဖြင့် ကဗျာဆိုလျှင် ငါးပါးသီလကို အခြေခံလျက် သီဖွဲ့ထားသည်မှာ အထင်းသား။

သူတစ်ပါးအသက်၊ နှိပ်စက်သတ်ဖြတ်
ရပ်တည်ပျော်ပါ။ သူယုတ်များ ....။
.......... .......... ..........
.......... .......... ..........
.......... .......... ..........
မူးယစ်ဆေးဝါး အရက်များကို
သောက်စားတပ်မက်၊ နှစ်သက်ပျော်ပါး
သူယုတ်များ .....
အပါယ်ငရဲ ပျော်ပွဲ မှတ်နေသလား ။

ပါဠိ ပါဠိသားမပါဘဲ ရင်ထဲရောက်အောင် ထွင်းဖောက်နိုင်စွမ်းရှိသော ထိုထိုသော ကဗျာတွေက တစ်ပုဒ်မက။

သူနှင့်မှ ငါပျော်၊ သူခေါ်ရာ ငါလိုက်
သူမိုက်ရာ ငါပါ၊ သူစေရာ ငါသွား
သူထားရာ ငါနေ၊ ......
.......... .......... ..........
.......... .......... ..........
သူ ဆိုသည်ကား၊ တခြားမဟုတ်
အယုတ်တမာ၊ ကိလေသာရဲ့
'တဏှာ' ဆိုတဲ့သူ။
(သူ .... သို့မဟုတ်)

ထိုသို့သော ထိထိမိမိနှင့် စွဲမက်ဖွယ် ကဗျာတွေကိုလည်း ဖွဲ့သည်။

ဒါ – သီ – ဘာစု၊ မြတ်ကောင်းမှုကို
အားပြုပွားများ၊ တရားချစ်လျှင်
အနှစ်တရား၊ သင့်အားချစ်မည်
ချစ်သူ မရှားပြီ .....။
(ပီယဆေး အစစ်)

ဟူ၍ နှစ်သက်ဖွယ်ကောင်းအောင်လည်း စပ်ဆိုသည်။ ဤ၌ 'ဒါန၊ သီလ၊ ဘာဝနာ' ဟူသည့် ဝေါဟာရအား ကျစ်လျစ်နေအောင် (ဒါ–သီ–ဘာ) ဟု ဖွဲ့လိုက် ခြင်းက 'ကဗျာလိုင်စင်'ကို ပိုင်နိုင်စွာ အသုံးချလိုက်ခြင်းပေလား။

ကဗျာစာအုပ်တစ်အုပ်လုံး၌ မေ့ကလောင်ပီသစွာ တရားသံတွေ ဝန်းရံနေ သော်ငြား မိခင်ကို ချစ်ခင်ရိုသေလေးစားမှုဖြင့် စာအုပ်အမည်ပေးထားခြင်းက လေးစားဖွယ် ကောင်းနေသည်။

ကဗျာအားလုံးကို ကြည်လင်သော အမြင်အတွေးဖြင့် ဖတ်ပြီး၊ ခံစားအပြီး မှာတော့ စွဲထင်ကျန်ရစ်လေသော ကဗျာအချို့အနက် –

နီနီရဲရဲ
ရင်ထဲ သွေးတို့
ဖြူဖွေး ကြည်ကြည်
နို့ရည်အဖြစ်
ပြောင်းပစ်နိုင်တာ
'အမေပါပဲ သူငယ်ချင်း ....။ ။

'အမေ ဆိုတဲ့ အမေ' ခေါင်းစဉ်တပ် ကဗျာလေးကတော့ ထိပ်ဆုံးကဖြစ် တာ သေချာသည်။

လေးလုံးစပ် အဖွဲ့ဖြင့် အတွေးမဆုံးတတ်စေသော ကဗျာများ၊ အနှောင်အ ဖွဲ့မှ ကင်းလွတ်စွာ ဖွဲ့စပ်သောကဗျာများ၊ ဂန္ထဝင်ဟန်နွှယ်သော ကဗျာများ....။ မည်သို့ဆိုစေ .... သူ့အလှနှင့်သူ ရှိနေကြမှာတော့ သေချာသည်။ ခံစားပိုင်ခွင့်၊ ဝေဖန်ပိုင်ခွင့် ...မည်သူ့တွင်မဆို ရှိပါသည်။

မိမိအနေနှင့်မူ .... ဆရာ (ကိုဖေလင်းအောင်)၏ 'လမင်း သုံးစင်း သာတဲ့ည' ကို တဒင် တစ်ညတည်းသာမဟုတ်။ အခါတစ်ရာမက ထာဝရ တွေ့မြင် ထိရှခံစားလိုလှပါကြောင်း။

နန္ဒာမိုးကြယ်

(၂၃.၉.၂၀၁၉)